# တရုတ်၊ မလေးရှားနှင့် ထိုင်း ပူးတွဲစစ်ရေးလေ့ကျင့်မည်



**ပေကျင်း အောက်တိုဘာ ၁၅**
တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ လက်နက်ကိုင်တပ်ဖွဲ့များသည် ယခုလနှောင်းပိုင်းတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှု တစ်ရပ်ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

'ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး-၂၀၁၈' ဟု အမည်ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မလေးရှားနိုင်ငံရှိ ပြည်နယ် နှစ်ပြည်နယ်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် အောက်တိုဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင် ၆၉၂ ဦးနှင့် သုံးနိုင်ငံမှ ရေတပ်စစ်ရေယာဉ်များပါဝင် လေ့ကျင့်ကြမည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ သင်္ဘောတင်ရဟတ်ယာဉ်နှစ်စင်း၊ အိုင်အယ်လ်-၇၆ သယ်ယူပို့ဆောင်ရေး လေယာဉ်သုံးစင်းနှင့် ရေယာဉ်လေးစင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရခြင်း၏ ရည်မှန်းချက်မှာ တောင်တရုတ်ပင်လယ်ဒေသ၌ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းနိုင်ရေးအတွက် တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ လက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေး၊ လက်တွေ့လုပ်ငန်း စွမ်းဆောင်ရည် အပြန်အလှန်ဖလှယ်ရေး၊ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ပူးတွဲတုံ့ပြန်နိုင်ရန် စစ်ရေး စွမ်းရည်များ မြှင့်တင်ရေးတို့ဖြစ်ကြောင်း၊ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**

# စက်သုံးဆီ အခွန်တိုးမြှင့်ရေး ဆိုင်းငံ့ထားရန် သမ္မတဒူတာတေး ဆုံးဖြတ်

**မနီလာ အောက်တိုဘာ ၁၅**
ကုန်စျေးနှုန်းတက်မှု၏ အကျိုးဆက်များကို တန်ပြန်သည့်အနေဖြင့် စက်သုံးဆီ အခွန်တိုးမြှင့်ကောက်ယူမည့် အစီအစဉ်ကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်လိုက်ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

ပီဆိုငွေကြေး တန်ဖိုးကျလာခြင်း၊ စားသောက်ကုန် စျေးနှုန်းမြင့်တက်ခြင်း၊ စက်သုံးဆီ စရိတ်မြင့်တက်လာခြင်းတို့အပြင် အခွန်တိုးမြှင့်ခဲ့ခြင်းအတွက် ဖိလစ်ပိုင်နိုင်ငံ၌ ငွေကြေးဖောင်းပွလာသည်။

အခွန်ကောက်ခံမှုစနစ် ပြင်ဆင်ပြောင်းလဲရေး ဥပဒေအရ စက်သုံးဆီထုတ်ကုန်များအပေါ် အခွန်ကောက်ခံမှုကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အဆင့်အလိုက် တိုးမြှင့် ပြုလုပ်သွားမည်ဖြစ်သည်။

ပထမအဆင့်အရ ဇန်နဝါရီလအတွင်း အခွန်တိုးမြှင့်မှု ပြုလုပ်ခဲ့ပြီး ဒုတိယအဆင့် တိုးမြှင့်မှုကို လာမည့်နှစ်ဇန်နဝါရီလတွင် စတင်မည်ဖြစ်သည်။ သို့ရာတွင် ဒူဘိုင်းရေနံစိမ်းပျမ်းမျှစျေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း တစ်စည်လျှင် ဒေါ်လာ ၈၀ သို့မဟုတ် ဒေါ်လာ ၈၀ အထက် တက်သွားသဖြင့် ဒုတိယအဆင့်အခွန်တိုးမြှင့်မှုကို ရပ်ဆိုင်းထားရန် ဥပဒေက ခွင့်ပြုထားသည်။

လာမည့်လများအတွင်း ရေနံစိမ်းစျေးနှုန်းခန့်မှန်းချက်များအပေါ် အခြေခံကာ စက်သုံးဆီအခွန် တိုးမြှင့်မည့်အစီအစဉ်ကို အစိုးရက ရပ်ဆိုင်းထားမည် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ အရန် ရေနံသိုလှောင်မှု ပြုလုပ်နိုင်ခြင်း မရှိသဖြင့် ရေနံစိမ်းစျေးနှုန်းများ မြင့်တက်မှုနှင့်အတူ ငွေကြေးဖောင်းပွမှု ပြဿနာကို တွေ့ကြုံရနိုင်ကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အိုလံပစ်အားကစားပွဲတော် ရန်ပုံငွေအလွဲသုံးမှု ကင်ညာတာဝန်ရှိသူများကို အရေးယူမည်

**နိုင်ရိုဘီ အောက်တိုဘာ ၁၅**
ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ၂၀၁၆ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကျင်းပစဉ်ကာလအတွင်း အမေရိကန် ဒေါ်လာ ၅၀၀၀၀၀ ကျော် အလွဲသုံးစားပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များအရ ကင်ညာအထက်တန်းတာဝန်ရှိသူ ခုနစ်ဦးကို အဂတိလိုက်စားမှုဖြင့် စွဲချက်တင်သွားမည်ဖြစ်ကြောင်း ကင်ညာအစိုးရရှေ့နေချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

ကင်ညာ အားကစားဝန်ကြီးဟောင်း ဟာဆန်ဝါရီယိုနှင့် အိုလံပစ်နှစ်ထပ်ကွမ်းရွှေတံဆိပ်ဆုရှင် ကစ်ချိုဂဲကေနိုတို့အပါအဝင် လူခုနစ်ဦးကို အဂတိလိုက်စားမှုဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း ရှေ့နေချုပ် နော်ဒင်းဟာဂျီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ ကေနိုသည် ကင်ညာအိုလံပစ်ကော်မတီ၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ရီယိုအိုလံပစ်အားကစားပွဲတော်ကာလအတွင်း အဆိုပါအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ ကုန်ကျစရိတ်များအတွက် ကျခံသုံးစွဲနိုင်ရန် ကင်ညာနိုင်ငံသုံးငွေ ရှီလင် ၅၄၄ သန်း (အမေရိကန်ဒေါ်လာ ၄ သန်း)ကို အစိုးရက ခွဲဝေချထားပေးခဲ့သည်။ ဖော်ပြပါ ရန်ပုံငွေမှ ငွေကြေးအချို့ကို အလွဲသုံးမှုပြုလုပ်ခဲ့ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများအတွက် ကျခံသုံးစွဲရမည့် ငွေကြေးများကို ဖြုတ်စားလျှပ်စား လုပ်ခဲ့ခြင်းကြောင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ စွမ်းဆောင်ရည်မှာ ကျဆင်းခဲ့ရကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။



## အရေးယူမည်

စွပ်စွဲခံထားရသူ ခုနစ်ဦးစလုံးသည် အောက်တိုဘာ ၁၅ ရက်ထက် နောက်မကျဘဲ အဖမ်းခံရန်လိုအပ်သည်။ ၎င်းတို့ကို အာဏာအလွဲသုံးမှုဆိုင်ရာ စွဲချက်ခြောက်ရပ်၊ ပြည်သူ့ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေချိုးဖောက်မှုနှင့် သက်ဆိုင်နေသော စွဲချက်လေးရပ်ဖြင့်လည်းကောင်း အရေးယူသွားမည်ဖြစ်ကြောင်း ရှေ့နေချုပ် ဟာဂျီက ပြောကြားသည်။

ငွေကြေးအလွဲသုံးမှု၊ ခွင့်ပြုချက်မရှိဘဲ လေယာဉ်လက်မှတ်များ ဝယ်ယူမှု၊ အသုံးစရိတ်များထက် ကျော်လွန်၍ ငွေကြေးတောင်းခံမှု၊ ခွင့်ပြုချက်မရဘဲ အသုံးစရိတ်များကျခံသုံးစွဲမှု စသည့်စွဲချက်များဖြင့် စွဲချက်တင်ကာ စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကင်ညာနိုင်ငံ၌ အကျင့်ပျက်ခြစားမှုများ ဖြစ်ပွားလေ့ရှိပြီး အဂတိလိုက်စားမှုများကြောင့် နှစ်စဉ်ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာ သန်းပေါင်းများစွာ ခိုးယူခံနေရကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# စစ်မဲ့ဇုန်အတွင်းမှ အကြမ်းဖက်အုပ်စုများ ထွက်ခွာရန် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး သတိပေး

**ဒမတ်စကတ် အောက်တိုဘာ ၁၅**
ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ထူထောင်မည့် စစ်မဲ့ဇုန်အတွင်းမှ အကြမ်းဖက်အုပ်စုများ ထွက်ခွာရန် ငြင်းဆန်မည်ဆိုပါက အီဒလစ်မြို့ဝန်းကျင်တွင် ဆီးရီးယား အစိုးရတပ်ဖွဲ့ဝင်များ ဖြန့်ကြက်၍ စစ်ဆင်ရေးဆောင်ရွက်ရန် အသင့်ရှိနေကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်လ်- မိုအာလမ်က အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားလိုက်သည်။

စစ်မဲ့ဇုန်ထူထောင်ရေး သဘောတူညီချက်ကို အကြမ်းဖက်အုပ်စုများက လိုက်နာခြင်းမရှိပါက မိမိတို့အနေဖြင့် တုံ့ပြန်နိုင်မည့် နည်းလမ်းများရှိကြောင်း ဒမတ်စကတ်မြို့တွင် အီရတ် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆီးရီးယားနိုင်ငံရှိ အခြားဒေသများနည်းတူ အီဒလစ်ပြည်နယ်သည်လည်း အစိုးရ၏ ထိန်းချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိစေရမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

လွန်ခဲ့သည့်လအတွင်း ရုရှားနှင့် တူရကီနှစ်နိုင်ငံအကြား စစ်မဲ့ဇုန်ထူထောင်ရေးဆိုင်ရာ သဘောတူညီမှု ရရှိခဲ့သော်လည်း သဘောတူညီမှုကို အကောင်အထည်ဖော်နိုင်ခြင်း မရှိပါက ဆီးရီးယားအနေဖြင့် အခြားရွေးချယ်မှု ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသည့် ချူဆာတပ်ဦးအဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ ဟေယက်သာရာ အယ်လ်-ရှတ်အဖွဲ့တို့က ဆီးရီးယားနိုင်ငံမြောက်ဘက်ပိုင်း၌ ထူထောင်ရန် စီစဉ်ထားသည့် စစ်မဲ့ဇုန်အတွင်းမှ ဆုတ်ခွာပေးမည်မဟုတ်ဟု သတင်းများထွက်ပေါ်ပြီးနောက် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။

တူရကီနှင့် ရုရှားနိုင်ငံတို့ ရရှိထားသည့် စစ်မဲ့ဇုန်ထူထောင်ရေး သဘောတူညီချက်ကို တုံ့ပြန်လျက် ချူဆာတပ်ဦးအဖွဲ့က အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် ပထမဆုံးအကြိမ် ကြေညာချက်ထုတ်ပြန်ရာ၌ ၎င်းတို့အနေဖြင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များကို ဆက်လက်တိုက်ခိုက်သွားမည်ဟု ဖော်ပြထားသည်။

**ဆင်ဟွာ**



# နားထဲမှာ ချိုအီ ချိုအီ

ဆူးငှက်


မြို့မငြိမ်း


ဓားတန်း ဦးသန့်


ပန်းချီ ဦးဘသက်

လေးပြပတ်လည် စတုရန်းကွက်၊ ဝင်းများနှင့် ဖွဲ့စည်းထားသဖြင့် မန္တလေးသည် လူမှုဆက်ဆံရေးသဘောတွင် 'အစုအဖွဲ့' ပုံစံအလိုအလျောက် သက်ဝင်နေသည်။ ထို့ကြောင့် မင်းကြီးကတော်ဝင်းသားတွေ၊ ရွှေလှံဗိုလ်ဝင်းသားတွေ၊ ရှေ့တော်ပြေးဝင်းသားတွေဟု ခေါ်စမှတ်ပြုသည်။ ထို့ပြင် ဝင်းများမျက်နှာစာမှာ ဇာတိရပ်ရွာအရလည်းကောင်း၊ အမှုထမ်းအစဉ်အလာအရလည်းကောင်း၊ လုပ်ငန်းသဘောသဘာဝအရလည်းကောင်း၊ တစုတစည်းတစ်လုံးတစ်စည်းတည်း နေထိုင်ဆက်ဆံခဲ့ကြသဖြင့် မုံရွေးတန်း၊ ရသာတန်း၊ နဘဲကြူး၊ အပ်ချုပ်တန်း၊ မာရဘင်၊ အမြောက်တန်း၊ လှေတန်း၊ မျက်ပါးရပ်၊ ကျောက်ဆစ်တန်း၊ ကြေးသွန်းခတ်တန်း စသည်ဖြင့် အမည်တွင်ခဲ့သည်။

## ရပ်ကွက်တီးဝိုင်းအဖွဲ့လေး

ဤသို့ဖြင့် ဝင်းများ၊ အရပ်များ၊ တန်းများအလိုက် ကိုယ့်အစုနှင့်ကိုယ် စုစည်းကာ ရပ်ကွက်ကျေးရွာများ၌ ပူးပေါင်းလုပ်ကိုင်ကြသည်။ အထူးသဖြင့် မြန်မာလူမျိုး ဗုဒ္ဓဝေယျာဝစ္စများတွင် အလေးကဲစွာ စုစည်းကြသည်။ မြန်မာလူမျိုးများပီပီလည်း ကျောင်းကန်ဘုရား ဘာသာသာသနာ ပွဲလမ်းများအတွက် ထိုအစုအဖွဲ့လေးများက ဝါဂီနစ်ကိစ္စလေးများ တွဲဖက်ပါဝင်လာကြသည်။ သဘင်တက္ကသိုလ်ဟူသော ရေခံမြေခံ၊ ပတ်ဝန်းကျင်ကလည်း အားကောင်းလှသည့်အချိန်ကိုး။ ထို့ကြောင့် မောင်းဆိုင်းကလေး၊ ပလွေကလေး၊ ဘင်ဂျိုကလေး၊ ဗျပ်စောင်းကလေးများဖြင့် အတီးအမှုတ်ကလေးများက ပိုမိုစုစည်းညီညွတ်လာစေသည်။ ထို့ကြောင့် ဝင်းအလိုက်၊ ရပ်ကွက်အလိုက် တီးဝိုင်းအဖွဲ့လေးတွေ မန္တလေး လေးပြင်လေးရပ်မှာ ပေါ်ပေါက်လာကြသည်။

မီးတိုင်အုပ်က ပြထိပ်ရှိ ရေနံဆီမီးအိမ်ကြီးတွေကို ရေနံဖြည့်မီးညှိပြီး ပြလမ်းပေါ်က ကာကာဆိုင်၊ ကျင်ဟုတ်ခေါက်ဆွဲဆိုင်လေးတွေအောက် အောက်လင်းဓာတ်မီး ထိန်ထိန်လင်းလာလျှင် ကာလသားတွေစုဝေးရာ ခုတင်၊ ကွပ်ပျစ်ကြီးများ၌ မယ်ဒလင်ဒေါင်ဒင်သံ၊ မောင်းဆိုင်းကလေး တိုးတီးနောင်သံ၊ ပလွေလေးကြူသံ၊ တယောလေးနွဲ့သံ ကြားကြရစမြဲဖြစ်၏။ တရုတ်တန်းဝိုင်းတဲ့၊ ဆိုင်းတန်းဝိုင်းတဲ့၊ ဘုံဆိုင်တန်းဝိုင်းတဲ့၊ မင်္ဂလာဈေးဝိုင်းတဲ့၊ ဝက်စုဝိုင်းတဲ့ စသည်ဖြင့် တီးဝိုင်းလေးတွေအသံက မန္တလေးညချမ်း၏ ပြလမ်းတွေဘေးမှာ စိုပြည်လာမြဲဖြစ်သည်။

> “အောက်လင်းဓာတ်မီး ထိန်ထိန်လင်းလာလျှင် ကာလသားတွေစုဝေးရာ ခုတင်၊ ကွပ်ပျစ်ကြီးများ၌ မယ်ဒလင်ဒေါင်ဒင်သံ၊ မောင်းဆိုင်းကလေး တိုးတီးနောင်သံ၊ ပလွေလေးကြူသံ၊ တယောလေးနွဲ့သံ ကြားကြရစမြဲဖြစ်၏။ တရုတ်တန်းဝိုင်းတဲ့၊ ဆိုင်းတန်းဝိုင်းတဲ့၊ ဘုံဆိုင်တန်းဝိုင်းတဲ့။ မင်္ဂလာဈေးဝိုင်းတဲ့၊ ဝက်စုဝိုင်းတဲ့ စသည်ဖြင့် တီးဝိုင်းလေးတွေအသံက မန္တလေးညချမ်း၏ ပြလမ်းတွေဘေးမှာ . . .”

## အရာရှိအသိုင်းအဝိုင်းများ၏ ကလပ်

ထိုအချိန်တွင် မန္တလေးမြန်မာများက ကိုယ်ပိုင်ရိုးရာတူရိယာပစ္စည်းများဖြင့် တီးမှုတ်နေကြချိန်၌ အင်္ဂလိပ်မျက်နှာဖြူအသိုင်းအဝိုင်းနှင့် အုပ်စိုးသူ အရာရှိအသိုင်းအဝိုင်းများ၏ ကလပ်များတွင် အနောက်တိုင်းတူရိယာပစ္စည်းများကို အသုံးပြုနေကြပြီဖြစ်သည်။ မန္တလေးရှိ ဟိုတယ်နှင့် ပျော်ပွဲစားရုံအချို့ မစ္စတာရီဂိုဆိုသူ၏ ရီသိုဗင်တီးဝိုင်းက ကပွဲခန်းများတွင် တီးမှုတ်ပေးနေရသည်။ မစ္စတာဘော်ဘီဆိုသူကလည်း ထရမ်းပက်မှုတ်ကာ တူရိယာပစ္စည်းများ၊ ဂီတနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ ရောင်းချနေ၏။ မစ္စတာဒေးဗစ်ဆိုသူက နန်းတွင်းစစ်ဘင်ခရာအဖွဲ့ ခေါင်းဆောင်ဖြစ်သည်။ ထို့ကြောင့် အနောက်တိုင်း ခေတ်ပေါ်တူရိယာပစ္စည်းများဖြစ်သော ကောနက်၊ ထရမ်းပက်၊ ကလယ်ရီနက်၊ ဆိုက်ဆိုဖုန်း၊ ထရန်ဖုန်း စသော နီကယ်ရောင်ဝင်းလက်တောက်ပနေသည့် အံ့ဩစရာ တူရိယာပစ္စည်းများမှာ မင်းကြိုက်စိုးကြိုက်၊ မင်းခမ်းမင်းနားသုံးပစ္စည်းများအဖြစ် သာမန်အရပ်သားမြန်မာများက မော်ကြည့်နေကြရသည့် အချိန်ဖြစ်သည်။

## တရုတ်တန်းဖျာဝိုင်း

မစ္စတာရီဂိုက အယ်ဖင်စတုန်း ရုပ်ရှင်ရုံတည်ရှိရာ ရွှေတိုက်ဝင်းအတွင်း နေထိုင်သည်။ တရုတ်တန်းဖျာဝိုင်းဟု နာမည်ရသော တီးဝိုင်းလေးက ရွှေတိုက်ဝင်းအရှေ့ပေါက်နှင့် နှစ်ပြအတွင်း တရုတ်တန်းလမ်းပေါ်မှာ ညတိုင်းတီးမှုတ်သည်။ ရှေ့တော်ပြေးဝင်းနှင့် အနီးအပါးမှ ဝါသနာရှင်များ ဖြစ်ကြ၏။ ပန်းချီကိုဘသက်၊ ကျောက်စိမ်းသွေးဆရာကိုတွေး၊ စောင်းကောက်ကိုလှကျော်၊ ကိုဘညိန်း၊ ကိုကျောက် စသူတို့ဖြစ်သည်။ ဂီတကို သာမန်လေ့လာလိုက်စားသူမျှသာမက အထုံပါရမီပါသူများဟုပင် ဆိုရမည်။ ထို့ကြောင့် ဂီတနှင့်ပတ်သက်လျှင် အမြဲရှေ့သို့ တက်လှမ်းနေချင်၊ စူးစမ်းလေ့လာနေချင်သူများဖြစ်သည်။ ဤတွင် ရွှေတိုက်ဝင်းအတွင်းမှ မစ္စတာရီဂိုနှင့် ဆက်မိကြသောအခါ နိုင်ငံတကာ ဂီတသင်္ကေတနည်းပညာကို တွေ့ရှိတတ်မြောက်သွားကြ၏။ ထို့မတိုင်မီကလည်း ကိုဘညိန်းတစ်ဦးတည်းအနေဖြင့် မန္တလေးသို့ ပြောင်းလာသော (U.M.P)တပ်ဘင်ခရာအဖွဲ့မှ ဂေါ်ရခါးများကြား ရှားရှားပါးပါး မြန်မာတစ်ယောက်ဖြစ်သည့် ကိုလှဆောင်နှင့် သိကျွမ်းပြီး နိုင်ငံတကာသုံးဂီတသင်္ကေတကို စတင်သဘောပေါက်ခဲ့သည်။

## ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်

ကိုဘညိန်းတို့အဖွဲ့ ရီသိုဗင်၌လည်း ပါဝင်တီးမှုတ်လာကြသောအခါ မစ္စတာရီဂိုက စန္ဒရား၊ ဓားတန်းရပ် ကိုသန့်က ဖလု၊ ကိုဘညိန်းက ဆိုက်ဆိုဖုန်းနှင့် ကလယ်ရီနက်၊ တောင်မြို့ ကိုလေးက ကလယ်ရီနက်တို့ကို ပါဝင်တီးမှုတ်လာကြသည်။ ထို့နောက် ကိုသန့်တို့ကို ကိုဘညိန်းတို့က ဆိုင်းတန်းဝိုင်းမှ ကိုဘအုန်း၊ ကိုဘငွေး၊ ကိုဘငွေ၊ ကိုရင်ကလေး၊ ကိုဘဒင်၊ ကိုလှဒင်၊ ကိုမြသိန်းတို့နှင့် ပူးပေါင်းမိကာ အပေါင်ဆိုင်ပိုင်ရှင် ဦးတော်လုံဦးဆောင်ပြီး ဗုဒ္ဓဝေယျာဝစ္စမြို့မတူရိယာအသင်းအဖြစ် တည်ထောင်သောအခါ ကိုအေးကျော်၊ ကိုသိန်းမောင်(စမော)၊ ကိုချိုကြီး(ဂေါ်ချို)၊ ကိုမောင်ကို စသူတို့သည် ပထမဆုံး လေမှုတ်တူရိယာသမားများ ဖြစ်လာကြသည်။

ထိုအချိန်တွင် မန္တလေးဥပစာကောလိပ်ကလည်း စတင်ဖွင့်လှစ်သည်။ မင်္ဂလာလမ်းမကြီးနှင့်တည့်တည့်၌ တည်ရှိသော စိုက်ပျိုးရေးသိပ္ပံ အဆောက်အအုံကြီးရှေ့မျက်နှာစာဝါးတန်းလျားငယ်တွင် စတင်ဖွင့်လှစ်ရပေမယ့် အရေအတွက်နည်းပါးစွာ တက်ခွင့်ရသည်မို့ ဥပစာကောလိပ်ကျောင်းသားဟူသည် မန္တလေးမှာ လက်ချိုး၍ ရေရနိုင်ပြီးရှားပါးပစ္စည်းဖြစ်နေသည်။ ထိုအချိန်က ဥပစာကောလိပ်ကျောင်းသားနည်းတူ မင်းကြိုက်စိုးကြိုက် ပြောင်လက်လက်ခေတ်ပေါ်တူရိယာပစ္စည်းတွေကို တီးမှုတ်တတ်သော မြို့မအသင်းသားကလည်း ရှားပါးပစ္စည်းဖြစ်နေသဖြင့် လူပုံအလယ်မှာ မျက်နှာပွင့်လှသည်။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်နေ၏။

## မလိုင်အပြည့် နို့ဆီ

မြို့မအသင်းသားတွေ ခေတ်ပေါ်တူရိယာပစ္စည်းသုံးစွဲနိုင်မှုကလည်း ဂီတဆိုလျှင် လေပင်မချွန်တတ်သော်လည်း ဂီတနှင့်ပတ်သက်က ဝါသနာရော စေတနာရောပါခဲ့သည့် အပေါင်ဆိုင်ပိုင်ရှင် ဦးတော်လုံ၏ ကျေးဇူးကြောင့်ဖြစ်၏။ သူက ရန်ကုန်ဇာတိ၊ ရန်ကုန်မန္တလေး ကူးချည်သန်းချည်။ ရန်ကုန်မှာ တရုတ်ဘုံကျောင်းတီးဝိုင်းများက လေမှုတ်တူရိယာတွေ စတင်အသုံးပြုနေချိန်၊ မန္တလေးက သူ့မိတ်ဆွေတွေလည်း ထိုကဲ့သို့ ပစ္စည်းမျိုးများနှင့် ခေတ်မီစွာ တီးမှုတ်စေလိုသောကြောင့် သူ့အပေါင်ဆိုင်က အပေါင်ဆုံး တူရိယာပစ္စည်းတွေကို ပေးကမ်းကူညီခဲ့သည်။ ထို့ကြောင့် မြို့မက အစောကြီးကတည်းက ဂေါ်ဂေါ်ဂွိဂွိ နိုင်ခဲ့ခြင်းပင်တည်း။

ထို့ကြောင့် မြို့မ၏ ထီးချက်စောင့်နတ်သားကြီး မြို့မငြိမ်းက 'ချိုအီ' ဟူသော သီချင်းတွင် -

“ထိုအတွေးမသေးရှာ ရေးရေးတော့ရှိပေသည်၊
မလိုင်အပြည့် နို့ဆီ၊ မြို့မနှင့် တူပေသည်၊
လက်ညှိုးကလေးနဲ့ တို့ကာလျက်တော့၊
ပါးစပ်ထဲနို့ဆီ ချိုအီ ချိုအီ . . .
မြို့မလည်း ဂေါ်ဂေါ်ဂိဂိ နားထဲ ချိုအီ ချိုအီ ချိုအီ. . .
ဟု စပ်ဆိုခဲ့ခြင်းဖြစ်ပါ၏။ ။


မြို့မတူရိယာအသင်း


မြန်မာတို့ရဲ့ ချစ်စရာရိုးရာ သီတင်းကျွတ်ပွဲတော်မှာ အန္တရာယ်ကင်းပြီး အာဟာရဖြစ်စေမည့် Spirulina စိမ်းပြာရေညှိထုတ်ကုန်များကို မြို့များ၊ နယ်များတွင် ဖွင့်လှစ်ထားသော JUNE Spirulina ထုတ်ကုန်ပစ္စည်း အရောင်းဆိုင်များနှင့် ဝယ်ယူနေကြ အရောင်းဆိုင်များတွင် ဝယ်ယူအားပေးပြီး ချစ်သောသူများ သက်ရှည်ကျန်းမာ လုပစေဖို့ ကန်တော့ကြပါစို့ ~
JUNE Spirulina
စပီရူလိုင်းနား စိမ်းပြာရေညှိ
JUNE စပီရူလိုင်းနား ထုတ်ကုန်များ
Health Supplements အာဟာရဖြည့်ဆေး
Spirulina Superfood
AVAMIN Spirulina with Extract
PROVIMIN 100% Spirulina
BIOMIN-C Honey & Vitamin C
GINGARMIN Ginger & Garlic
SPIRUJU Chinese Chives
Spilova Aloe vera
Skin care & Thanakha အသားရည်ထိန်း မြန်မာ့သနပ်ခါး
ဆေးသနပ်ခါးခဲ
သဘာဝ အသားဖြူ သနပ်ခါး
ရေညှိသနပ်ခါးခဲ
မျက်နှာပေါင်းတင်ဆေး
ရေညှိ ဆေးသနပ်ခါးအနှစ်
မင်းဝံတောင်
ငွေဆောင်နန်း
Beverages သဘာဝ ဖျော်ရည်
ရှားစောင်း
ချဉ်ပေါင်ဖူး
စပျစ်
မန်ကျီး
Spilova
ဇီးသီး
Toiletries လူသုံးကုန်
COLE New Hair Growth Shampoo
အို~ဂျာ
သွား နှင့် စတွင်း သန့်စင်ဆေးမှုန့်
USDA ORGANIC Spirulina
MADE WITH NON-GMO INGREDIENTS
nfi
GMP certified: GMP OTC 1
Functional Foods စားသောက်ကုန်
Ar Yu
Spirulina Aloe vera tonic paste
ရန်ကုန် ☎ ၀၉-၇၃၀၁၂၀၀၀/၁၃၀၀၀/၁၄၀၀၀
မန္တလေး ☎ ၀၂-၄၀ ၂၄၄၉၀၊ ၄၀ ၃၉၉၈၅၊ ၄၀ ၃၉၇၂၅၊ ၄၀ ၃၆၁၂၂
www.junespirulina.com
JUNE Spirulina

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ
# လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၅

**၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်နှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးဝင်းမော်ထွန်းနှင့် ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာဆောင်ရွက်နိုင်ရေးအတွက် ကျင်းပသည့် ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

# မြန်မာ ယူ-၂၂ အသင်း ကာတာအသင်းနှင့် ခြေစမ်းခွင့်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၁၉ ခုနှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည့် မြန်မာ ယူ-၂၂ အသင်းသည် အာရှထိပ်သီး ကာတာ ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့သည်။ ယင်းခြေစမ်းပွဲကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ ခုနှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်း အတွေ့အကြုံရစေရန် ကာတာဘောလုံး အဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၅ ဦးဖြင့် စတင်ဖွဲ့စည်းထားပြီး အာဆီယံဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အဓိက ကစားသမားခုနစ်ဦး ရွေးချယ်ခံထားရသောကြောင့် ယင်းပြိုင်ပွဲပြီးမှသာ လူစုံပါဝင်နိုင်၊ လေ့ကျင့်နိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၂ ရက်မှစ၍ စခန်းဝင်လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ဒီဇင်ဘာလတွင် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို ယခုနှစ်တွင် ယူ-၂၁ အသင်းဖြင့်သာ ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်နေသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**



မြန်မာ ယူ-၂၁ အသင်း တိုက်စစ်မှူး ဝင်းနိုင်ထွန်း။

# အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ကမ္ဘာ့ဝူရှူးထောက်လုပြိုင်ပွဲ မြန်မာနိုင်ငံတွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၅**

၂၀၁၈ ခုနှစ် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ(7th South East Asian Open Archery Championships 2018)နှင့် ၂၀၁၈ ခုနှစ် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူးထောက်လုပြိုင်ပွဲ (2nd Taolu World Cup 2018, Myanmar)ကို နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံမြားပစ်ကွင်း၌ လည်းကောင်း၊ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝူရှူးထောက်လုပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**


